**BLSO**

# Burma Labour Solidarity Organization

**www.burmasolidarity.org**

16-2-2008

## ကရင် အမျိုးသားအစည်းအရုံး (KNU)မှ အထွေထွေအတွင်းရေးမှူး ဖဒိုမန်းရှာလားဖန်း ကျဆုံးခြင်း အတွက် ဝမ်းနည်းခြင်း သဝဏ်လွှာ

၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့ ညနေ ၄ နာရီ ၄၀ မိနစ်တွင် လုပ်ကြံသတ်ဖြတ်မှုကြောင့် ဖဒိုမန်းရှာလားဖန်း ကွယ်လွန်ကြောင်း ကြားသိလိုက်ရသည့်အခါတွင် အလွန်မတန်မှ ကြေကွဲဝမ်းနည်းခဲ့ရ ကြောင်း ဖော်ပြအပ်ပါသည်။

စစ်အာဏာရှင်ချေမှုန်းရေး၊ ဒီမိုကရေစီရရှိရေးနှင့် ဖယ်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး လုပ်ငန်းများတွင် ယုံကြည်ချက် ခိုင်ခိုင်မာမာဖြင့် ဘဝတလျှောက်လုံး အနစ်နာခံ ပေးဆပ်စွန့်လွှတ်မှုများစွာဖြင့် အသက်ပေး တိုက်ပွဲဝင်ခဲ့သော လေးစားဖွယ်၊ စံနမူနာယူ၊ အတုယူဖွယ်ကောင်းလှသည့် ကြီးမြတ်သော ခေါင်းဆောင် တစ်ယောက်လည်း ဖြစ်ပါသည်။

ဖဒို မန်းရှာလားဖန်းသည် ကရင် အမျိုးသားအစည်းအရုံး၏ အထွေထွေအတွင်းရေးမှူး ခေါင်းဆောင် တဦး ဖြစ်ယုံသာမက၊ ဒီမိုကရေစီတော်လှန်ရေး၏ ခေါင်းဆောင်တဦး၊ ရန်ငါစည်းပြတ်သားသည့် ခေါင်းဆောင်၊ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ထက်မြက်ပြီး အမျှော်အမြင်ရှိသော ခေါင်းဆောင် လည်းဖြစ်သည်။

ဖဒို မန်းရှာလားဖန်း ကျဆုံးမှုသည် အဖိုးမဖြတ်နိုင်သော၊ အစားထိုးလို့မရသော ဆုံးရှုံးမှုတခု ဖြစ်ပါသည်။ ဖဒို မန်းရှာလားဖန်း၏ ကျွန်တော်တို့ မြန်မာနိုင်ငံ အလုပ်သမား သွေးစည်းညီညွတ်ရေးအဖွဲ့အပေါ် အားပေး တိုက်တွန်းမှုများ၊ အကြံပေးမှုများ ကူညီမှုများအပေါ် ဘယ်တော့မှ မေ့ပျောက်လို့မရနိုင်သလို ဂုဏ်ယူမှတ်တမ်းပြုလိုပါသည်။

ကျွန်တော်တို့ ဖဒို မန်းရှာလားဖန်းအား ဦးညွှတ်ဂါရဝပြုရင်း၊ အလွန်မတန်မှ ရင်နင့်ကြေကွဲစွာဖြင့် ဝမ်းနည်းခြင်း သဝဏ်လွှာအားပေးပို့အပ်ပါသည်။

ဖဒို မန်းရှာလားဖန်း ကောင်းရာသုဂတိလားစေကြောင်း ဆုတောင်းမေတ္တာပို့သ အပ်ပါသည်။

ဦးဆောင်ကော်မတီ
မြန်မာနိုင်ငံ အလုပ်သမား သွေးစည်းညီညွတ်ရေး အဖွဲ့